# အိုလန်ဇာပိုင်း (OLANZAPINE)

## ကျွန်ုပ်ကို OLANZAPINE သောက်ဖို့ ဘာလို့ညွှန်းပေးရတာပါလဲ။



သင်ခံယူရမည့် ကင်ဆာကုသမှုသည် မအီမသာဖြစ်ခြင်း သို့မဟုတ် ပျို့အန်ခြင်းကို ဖြစ်စေနိုင်ပါသည်။ အဆိုပါ ဘေးထွက်ဆိုးကျိုးကို လျှော့ချနိုင်ရန်အတွက် ကျွန်ုပ်တို့ဘက်က အတတ်နိုင်ဆုံးလုပ်ဆောင်လျက်ရှိပါသည်။ Olanzapine သည် ဆေးချိန်ပမာဏအနည်းငယ်မျှပင် ပေးစေကာမူ မအီမသာဖြစ်ခြင်းနှင့် ပျို့အန်ခြင်းကို လျှော့ချရာတွင် လွန်စွာထိရောက်သောကြောင့် သင့်အား ပြုစုစောင့်ရှောက်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။




## ဆေးဆိုင်သို့သွားသောအခါ ဘာတွေကိုမျှော်လင့်ထားသင့်ပါသလဲ။

Olanzapine ကို မူလက အချို့သောစိတ်ရောဂါဝေဒနာရှင်များအတွက် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ သင်ဆေးညွှန်းပြသည့်အခါ သို့မဟုတ် ဆေးယူသည့်အခါတွင် ၎င်းဆေးကို မူလက အသုံးပြုကြသည့် အကြောင်းရင်းကို ဆေးစပ်သူက သင့်အား ပြောကြောင်းပြောပြနိုင်ပါသည်။ အဆိုပါဖြစ်နိုင်ခြေအတွက် သင့်ဘက်က ပြင်ဆင်ထားစေလိုပါသည်။ သင့်အား olanzapine ညွှန်းပေးရခြင်းအကြောင်းရင်းနှင့် သင့် ကင်ဆာအဖွဲ့က သင့်အား olanzapine ကို လုံးဝမတူညီသည့် အကြောင်းရင်းတစ်ခုအတွက် ညွှန်းပေးရခြင်း ဖြစ်ကြောင်း ဆေးစပ်သူကို သင်ပြောပြရန် ဆန္ဒရှိလောက်ပါသည်။ ဆေးအတွက် မူရင်းခွင့်ပြုချက်ကြောင့် သင့်တွင် စိတ်ရောဂါတစ်မျိုးမျိုးရှိခြင်းကြောင့် ဤဆေးစာကို ရခဲ့ခြင်းဖြစ်မည်ဟု သင့်အာမခံကုမ္ပဏီ သို့မဟုတ် သင့်ဆေးမှတ်တမ်းက ထင်မြင်စေမည်မဟုတ်ပါ။

## ဘေးထွက်ဆိုးကျိုးတွေက ဘာတွေပါလဲ။



ဤဆေးအတွက် ဖော်ပြထားသော ဘေးထွက်ဆိုးကျိုးအားလုံးနီးပါးသည် ဆေးချိန်ပမာဏများသည့် သူများနှင့် ဆေးကို နေ့စဉ်နေ့တိုင်းနှစ်နှင့်ချီပြီး သောက်ကြသူများတွင် ဖြစ်တတ်ပါသည်။ Olanzapine ကို ကင်ဆာ ဆေးသွင်းကုထုံးအတွက် သောက်ရသူများသည် မောပန်းခြင်းမှလွဲ၍ အခြားဘေးထွက်ဆိုးကျိုးများကို မခံစားရ လောက်ပါ။ ထို့ကြောင့်လည်း ဆေးကို ညနေပိုင်းမှသာ သောက်ရန် မကြာခဏအကြံပြုရခြင်းဖြစ်ပါသည်။



## OLANZAPINE သည် အာမခံဖြင့် အကျုံးဝင်ပါသလား။ ဈေးကြီးပါသလား။

ဤဆေးသည် ကင်ဆာဆေးသွင်းကုထုံး၏ဘေးထွက်ဆိုးကျိုးများကို ကာကွယ်ရန် သုံးရသည့် အခြား ဆေးဝါးများလောက် ဈေးမကြီးပါ။ ဆေးပြားတစ်ပြားကို 20 ဆင့် သာကျသင့်ပါမည်။ ကုန်ကျစရိတ်သည် ကျန်းမာရေးအာမခံအကာအကွယ်အများစုနှင့် ကာမိမည်ဖြစ်သော်လည်း အာမခံနှင့်အကျုံးမဝင်ပါက မိမိ ဘာသာပေးချေရန် ရွေးချယ်နိုင်ပါသည်။

### ကင်ဆာကုသမှုနှင့် ဆက်စပ်နေသည့် မအီမသာဖြစ်ခြင်းနှင့် ပျို့အန်ခြင်းများအကြောင်းကို ပိုမိုလေ့လာရန် ဖော်ပြပါဆိုက်များက အထောက်အကူပြုနိုင်ပါသည်-

အမျိုးသားကင်ဆာဌာန (National Cancer Institute) - www.cancer.gov
အမေရိကန်ကင်ဆာအဖွဲ့အစည်း (American Cancer Society) - www.cancer.org
အမေရိကန်လက်တွေ့ကင်ဆာရောဂါအဖွဲ့အစည်း (American Society of Clinical Oncology) - www.cancer.net
နိုင်ငံလုံးဆိုင်ရာ အလုံးစုံကင်ဆာကွန်ရက် (National Comprehensive Cancer Network) - www.nccn.org

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association